# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 26 , 2025 | Volume 93, Number 18


**၂၆. ၈.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၂.၉၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၉၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၈.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၇၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ခါတ်မြေဩဇာများ လျှော့ဈေးဖြင့်ဖြန့်ဖြူးရန် ဆောင်ရွက်နေ




ဩဂုတ် ၂၅ ရက်က ကျင်းပတဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် အစည်းအဝေးကို တက်ရောက်ပြီး အမှာစကားပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့တာပါ။ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အရေးကြီးသီးနှံ (၁၀)မျိုးအပြင် အာလူး၊ ကြက်သွန်နီနဲ့ကြက်သွန်ဖြူတို့ကိုလည်း အရေးကြီးသီးနှံ (၃)မျိုးအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ပြည့်မီရေးကို တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့ အလေးထားဆောင်ရွက်ဖို့ အထူးတိုက်တွန်းလိုတယ်လို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကပြောပါတယ်။

အခုနှစ် ဩဂုတ်လကစပြီး နိုင်ငံတော်ရဲ့ စီးပွားရေးအထောက်အကူပြုသီးနှံတွေ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေလိုအပ်တဲ့ ယူရီးယားခါတ်မြေဩဇာနဲ့ ၁၅ ပတ်လည် ကွန်ပေါင်းခါတ်မြေဩဇာတွေကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်နဲ့ ယူရီးယားခါတ်မြေဩဇာ တင်သွင်းဖြန့်ဖြူးရေး ဦးဆောင်ကော်မတီကနေ ဈေးကွက်ပေါက်ဈေးထက် ၂၅ ရာခိုင်နှုန်းအောက်လျှော့တဲ့ဈေးနဲ့ တောင်သူတွေ လယ်ဝယ် အရောက်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေတယ်လို့ဆိုပါတယ်။ ဒါ့အပြင် မိုးသီးနှံ အထွက်နှုန်းတိုးဖို့လိုအပ်တဲ့ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးတွေမှာ အဓိကဖြန့်ဖြူးပေးထားတဲ့အပြင် ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အတွက်ပါ လျာထားဆောင်ရွက်နေတယ်လို့လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကပြောကြားခဲ့ပါတယ်။

**Source:** https://onenewstvchannel.com

## AI ပညာရှင်များပေါ်ထွန်းရေး ဆောင်ရွက်ရန်လိုအပ်




နိုင်ငံ့အကျိုး အမှန်တကယ်သယ်ပိုးမဲ့ AI ပညာရှင်တွေ စဉ်ဆက်မပြတ် ပေါ်ထွန်းစေဖို့ သက်ဆိုင်သူအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောပါတယ်။

ဩဂုတ် ၂၃ ရက်က ရန်ကုန်မြို့ MICT Park မှာ ကျင်းပတဲ့ AI for All 2025 အခမ်းအနားမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ AI နဲ့ ပတ်သက်လို့ သုတေသနလုပ်ငန်းတွေကို ဌာနအတွင်း ဆက်စပ်ဌာနတွေအဖြစ် ပူးပေါင်းဆောင်ရွက်မှုတွေအပြင် တရုတ်၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတွေနဲ့ နားလည်မှုစာချွန်လွှာရေးထိုးပြီး နိုင်ငံတကာစီမံကိန်းတွေ ပူးပေါင်းဆောင်ရွက်နေတာဖြစ်တယ်လို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောပါတယ်။

ပြည်သူအားလုံးအတွက် ညဏ်ရည်တုနည်းပညာ AI For All ဆိုတဲ့အတိုင်း နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအားလုံး လူမှုစီးပွားဘဝတွေ စဉ်ဆက်မပြတ်မြင့်တင်ရေး၊ ဆိုက်ဘာလုံခြုံရေးနဲ့ဇီဝလုံခြုံရေးစတဲ့ ကဏ္ဍအားလုံးတို့အတွက် AI ကို ကျယ်ပြန့်စွာ အသုံးချရေး၊ AI အသုံးပြုမှုကနေ မလိုလားအပ်တဲ့ ဆိုးကျိုးအန္တရာယ်တွေ မဖြစ်ပေါ်စေရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားဖို့လိုတယ်လို့လည်းဆိုပါတယ်။ အဲဒီနောက် စကားဝိုင်းဆွေးနွေးပွဲတွေ ကျင်းပရာ အမျိုးသားအဆင့် AI နည်းဗျူဟာနဲ့ AI မူဝါဒ(မူကြမ်း)ကို အခြေခံပြီး အမျိုးသားအဆင့် AI လမ်းပြမြေပုံ ခေါင်းစဉ်၊ AI ဆိုင်ရာ ကျင့်ဝတ်တွေနဲ့ အနာဂတ်မြန်မာနိုင်ငံခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ကြပါတယ်။

**Source:** https://onenewstvchannel.com

## ကြောင်ပန်းစေ့များ ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်သွက်နေ

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ တစ်နှစ်လျှင် တစ်ရာသီသာ သဘာဝအလျောက် အလေ့ကျပေါက်လေ့ရှိသော ကြောင်ပန်းပင်မှထွက်ရှိသည့် ကြောင်ပန်းစေ့များကို ပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များထံမှ သိရသည်။

ကြောင်ပန်းစေ့များကို တရုတ်နိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရာ၌ အရေးပါသော ပါဝင်ပစ္စည်းတစ်မျိုးအဖြစ် သတ်မှတ်သုံးစွဲလာကြခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိကာ ကြောင်ပန်းပင်များ ပေါက်ရောက်လေ့ရှိသောဒေသများမှ ဒေသခံပြည်သူများ အနေနှင့် အပိုဝင်ငွေများရရှိလာကြကြောင်း သိရသည်။

အဆိုပါ ကြောင်ပန်းစေ့များသည် တော်သလင်းလတွင် စတင်ထွက်ရှိကာ ယခုသီတင်းကျွတ်တွင် လှိုင်လှိုင်ထွက်ပေါ်ပြီး တန်ဆောင်မုန်းလအထိထွက်ရှိကြောင်းနှင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ တရုတ်ပြည်ဈေးကွက်သို့ စမ်းသပ်ပို့ဆောင်ရောင်းချခဲ့ရာမှ ဈေးကွက်ခိုင်မာမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မန္တလေးဈေးကွက်အတွင်းသို့ မင်းဘူး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ချောက်၊ ပခုက္ကူ၊ မုံရွာ၊ ပြည်မြို့တို့မှထွက်ရှိသည့် ကြောင်ပန်းစေ့များ ဝင်ရောက်လျက်ရှိရာ ဈေးကွက်အခြေအနေလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## မိုးပဲတီစိမ်း စိုက်ပျိုးပြီးစီးမှုအခြေအနေ

ဩဂုတ်လ တတိယအပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးပဲတီစိမ်း စုစုပေါင်း ၄ ဒသမ ၇ သိန်းကျော် လျာထားပြီး ယနေ့အထိ စိုက်ပျိုးဧကပေါင်း ၃ ဒသမ ၃ သိန်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရပါသည်။ အများဆုံးစိုက်ပျိုးသော ခရိုင်များမှာ ရွှေဘိုခရိုင် ဧက ၁ သိန်းကျော်၊ ကန့်ဘလူခရိုင် ဧက ၉ သောင်းကျော်၊ စစ်ကိုင်းခရိုင် ဧက ၄ သောင်းကျော်၊ ရေဦးခရိုင် ဧက ၃ သောင်းကျော်၊ မုံရွာခရိုင် ဧက ၃ သောင်းခန့်၊ ယင်းမာပင်ခရိုင် ဧက ၂ သောင်းကျော်၊ ကလေးခရိုင် ဧက ၆ ထောင်ကျော် အသီးသီးစိုက်ပျိုးပြီးစီးနေကြောင်း စိုက်ပျိုးဦးစီးဌာနမှ သိရပါသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ပဲတီစိမ်း တစ်တင်းပေါက်ဈေးနှုန်းမှာ ၇၅,၀၀၀ ကျပ် မှ ၁၀၅,၀၀၀ ကျပ်ထိရှိပြီး ယခင်ပတ်ကာလတူပေါက် ဈေးနှုန်းမှာ ပဲတီစိမ်း တစ်တင်း ၇၀,၀၀၀ ကျပ် မှ ၁၁၀,၀၀၀ ကျပ်ထိ ရှိပြီး နှိုင်းယှဉ်ပါက ပဲတီစိမ်း တစ်တင်းလျှင် ၅၀၀၀ ကျပ် ကျဆင်းလာကြောင်း သိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မုံရွာမြို့တွင်း စားဖိုဆောင်သုံး စားသောက်ကုန်ဈေးနှုန်းအခြေအနေ

မုံရွာမြို့အတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း တစ်ပြည် ၆၇၀၀ မှ ၆၈၀၀ ကျပ်၊ ဧရာမင်း တစ်ပြည် ၅၅၀၀မှ ၆၀၀၀ ကျပ်၊ ပဲဆီ တစ်ပိဿာ ၁၅,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၃,၅၀၀ မှ ၁၄,၀၀၀ ကျပ်၊ နေကြာဆီ တစ်ပိဿာ ၁၇,၀၀၀ မှ ၁၈,၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာ ၇၂၀၀ ကျပ်တို့ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့တွင် စားဖိုဆောင်သုံး စားသောက်ကုန်များ ကြက်သွန်နီ တစ်ပိဿာ ၁၀၀၀ မှ ၁၂၀၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ၈၀၀၀ ကျပ်၊ ကြက်သွန်ဖြူ (ဗမာ) တစ်ပိဿာ ၁၂,၀၀၀ မှ ၁၃,၀၀၀ ကျပ်၊ ကြက်သွန်ဖြူ (ကြူကုပ်) တစ်ပိဿာ ၁၇,၀၀၀ ကျပ်၊ အာလူး တစ်ပိဿာ ၄၀၀၀ မှ ၄၅၀၀ ကျပ်၊ ချင်းတက် တစ်ပိဿာ ၄၀၀၀ ကျပ်၊ နနွင်းတက် တစ်ပိဿာ ၁၈,၀၀၀ ကျပ်၊ ဆား တစ်ပိဿာ ၂၀၀၀ မှ ၂၂၀၀ ကျပ်၊ မန်ကျည်းမှည့် တစ်ပိဿာ ၁၀,၀၀၀ ကျပ်၊ ငရုတ်သီးခြောက် တစ်ပိဿာ ၁၂,၀၀၀ မှ ၁၄,၀၀၀ ကျပ်၊ ငရုတ်သီးစိမ်း တစ်ပိဿာ ၄၀၀၀ ကျပ်၊ ခရမ်းချဉ်သီး တစ်ပိဿာ ၄၀၀၀မှ ၄၈၀၀ ကျပ်၊ ခရမ်းသီး တစ်ပိဿာ ၂၀၀၀မှ ၃၀၀၀ ကျပ်၊ ခဝဲသီး တစ်ပိဿာ ၃၀၀၀ ကျပ်၊ ကျောက်ဖရုံသီး တစ်လုံး ၃၅၀၀ မှ ၄၅၀၀ ကျပ်၊ ဘူးသီး တစ်လုံး ၂၀၀၀ ကျပ်၊ ဂေါ်ဖီထုပ် တစ်ထုပ် ၃၅၀၀ ကျပ်၊ ပဲရှည်သီး တစ်ပိဿာ ၇၀၀၀ ကျပ်၊ မုန်လာဥဖြူ တစ်စီး ၁၂၀၀ ကျပ်၊ ကြက်ဟင်းခါးသီး တစ်ပိဿာ ၃၀၀၀ ကျပ်၊ ရေဦးပဲငပိ (အခြောက်) တစ်ပိဿာ ၁၈,၀၀၀ ကျပ်၊ ရေဦးပဲငပိ (အစို) တစ်ပိဿာ ၁၀,၀၀၀ ကျပ်၊ သခွားသီးတစ်လုံး ၁၀၀၀ ကျပ်၊ ဂေါ်ရခါးသီး တစ်လုံး ၈၀၀ ကျပ်၊ ကင်ပွန်းရွက် တစ်စီး ၃၀၀ ကျပ်၊ အိုးမုန်ညင်း တစ်စီး ၅၀၀ ကျပ်၊ ကန်စွန်းရွက် တစ်စီး ၂၀၀ ကျပ်၊ ချဉ်ပေါင်ရွက် တစ်စီး ၂၀၀ ကျပ်၊ ကြက်ဥ တစ်လုံး ၄၅၀ မှ ၅၀၀ ကျပ်၊ ဘဲဥ တစ်လုံး ၆၀၀ ကျပ် စသည့် ဈေးနှုန်းများဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

ပဲဆီ၊ နှမ်းဆီ၊ စားသုံးဆီဈေးနှုန်းများမှာ ယခင်လပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး ဆန်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လာကြောင်း သိရပါသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၈-၈-၂၀၂၅ မှ ၂၂-၈-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၇၈,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၉၃,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၆၈,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၇,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄၈,၀၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၂၀ လုံး (တန်ချိန် ၂၈၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၁၀၀ (၂၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀ (၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၆၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၅၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၈-၈-၂၀၂၅ မှ ၂၂-၈-၂၀၂၅) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၆၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၆၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၆၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ နှင့် ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာလတ်သန့် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၅၀ စီး (၉၀၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၉၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင် အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၈၀၀ (၅၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀(၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၈၀၀ (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှအာလူးများ နေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၅၀၀၊ အောင်ပန်း Ok ကျပ် ၃၅၀၀ ၊ အောင်ပန်း S1 ကျပ် ၄၅၀၀ နှင့် တရုတ်အာလူး ကျပ် ၅၈၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၉ စီး(၁၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၀ စီး(၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်ကျ၊ ပဲမျိုးစုံဈေးနှုန်းဈေးကွက်

ပခုက္ကူကုန်စည်ဒိုင်၏ ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသည်။ 2025 ခုနှစ်၊ ဩဂုတ်လ ဒုတိယပတ်တွင် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ၁၃၀၀ ကျပ်၊ အလတ် တစ်ပိဿာလျှင် ၁၀၀၀ ကျပ်နှင့် အသေးတစ်ပိဿာလျှင် ၈၅၀ ကျပ်တို့ဖြင့် ဈေးကွက်ထဲသို့ တစ်ရက်လျှင်ကုန်ချိန်ပိဿာ ၂၅၀၀၀ မှ ၄၀၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ တတိယပတ်တွင် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ၁၂၅၀ ကျပ်၊ အလတ်တစ်ပိဿာလျှင် ၉၅၀ ကျပ်နှင့် အသေးတစ်ပိဿာလျှင် ၇၅၀ ကျပ်တို့ဖြင့် ဈေးကွက်ထဲသို့ တစ်ရက်လျှင်ကုန်ချိန် ပိဿာ ၁၀၀၀၀ မှ ၄၇၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ဒုတိယအပတ်နှင့်တတိယအပတ်တို့ နှိုင်းယှဉ်ရာတွင် ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ၅၀ ကျပ်၊ အလတ် တစ်ပိဿာလျှင် ၅၀ ကျပ်နှင့် အသေးတစ်ပိဿာလျှင် ၁၀၀ ကျပ်အထိ ကြက်သွန်နီဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း ပခုက္ကူကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

အောင်လံကုန်စည်ဒိုင်တွင် ပဲစင်းငုံ(နီ)၊ ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မြေပဲလုံးဆံ(နီ) နှင့် မြေပဲလုံးဆံ(ဖြူ)စသည့် ပဲမျိုးစုံများဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လဒုတိယပတ်တွင် ပဲစင်းငုံ(နီ) ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၈၁,၆၀၀၊ ပဲတီစိမ်း ၂၀ပိဿာ တစ်တင်းလျှင် ကျပ် ၁၁,၀၀၀၊ မတ်ပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၈၈,၀၀၀၊ ကုလားပဲ (ဟော်လန်) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၈၇,၀၀၀၊ ကုလားပဲ(မြကြေး) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၉၄,၀၀၀၊ ပဲကြီး ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ မြေပဲလုံးဆံ(နီ) ၁ ပိဿာလျှင် ကျပ် ၇၅၀၀ နှင့် မြေပဲလုံးဆံ(ဖြူ) ၁ ပိဿာလျှင် ကျပ် ၇၅၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ တတိယအပတ်တွင် ပဲစင်းငုံ(နီ) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၈၀,၀၀၀၊ ပဲတီစိမ်း ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၁၁၃,၀၀၀၊ မတ်ပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၈၈,၀၀၀၊ ကုလားပဲ(ဟော်လန်) ၂၀ ပိဿာ တစ်တင်းလျှင်

ကျပ် ၈၉၅၀၀၊ ကုလားပဲ(မြကြေး) ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၉၄,၀၀၀၊ ပဲကြီး ၂၀ ပိဿာတစ်တင်းလျှင် ကျပ် ၁၂၀,၀၀၀၊ မြေပဲလုံးဆံ (နီ) 1 ပိဿာလျှင် ကျပ် ၇၀၀၀ နှင့် မြေပဲလုံးဆံ(ဖြူ) ၁ ပိဿာလျှင် ကျပ် ၇၁၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ပဲဈေးနှုန်းများအား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လဒုတိယပတ်နှင့်တတိယပတ်တို့နှိုင်းယှဉ်ရာ ပဲစင်းငုံ(နီ)တစ်တင်းလျှင် ၁၆၀၀ ကျပ်၊ ကုလားပဲ(ဟော်လန်) တစ်တင်းလျှင် ၂၅၀၀ ကျပ်၊ မြေပဲလုံး ဆံနီတစ်ပိဿာလျှင် ၃၀၀ ကျပ်၊ မြေပဲလုံးဆံဖြူ တစ်ပိဿာလျှင် ၂၀၀ ကျပ်တို့ဖြင့် ဈေးကျဆင်းလျက်ရှိပြီး ပဲတီစိမ်းတစ်တင်းလျှင် ၃၀၀၀ ကျပ်၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၅၀၀၀ ထိ ဈေးမြင့်တက်ခဲ့ကြောင်း အောင်လံကုန်စည်ဒိုင်သတင်းအရ သိရှိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (26.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Aug, 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,695 (Shares) | 21,104,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +100 | +1.41% | 7,100 | 7,200 | 7,100 | 666 | 4,728,900 | 33,109,694 | 238,390 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 3,521 | 11,091,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 51 | 377,400 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 184 | 359,050 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 501 | 1,302,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,700 | 1,800 | 1,700 | 1,703 | 3,015,100 | 19,977,223 | 35,959 |
| AMATA | 00007 | 3,450 | +0 | +0.00% | 3,400 | 3,450 | 3,400 | 18 | 61,950 | 10,497,598 | 36,217 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 51 | 168,300 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Aug, 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.25 | +4.10 | +1.15% | 358.18 | 361.25 | 357.90 | 6,695 | 21,104,450 | 8 | 681,385 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:30 am, 27th Aug, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 882 (Shares) | 3,117,400 (MMK) |

| MYANPIX | 358.71 ▼ 2.54 |
|---|---|
| Total Volume (shares) | 882 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,591 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 3,450 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR